# Chin National Community - Japan

# 在日チン族協会

## ချင်းတိုင်းရင်းသားများအဖွဲ့အစည်း – ဂျပန်

စာအမှတ်  CWO-Jp/005/W2007

ရက်စွဲ ။  ။၂၀၀၇ ခုနှစ် မတ်လ ၂ ရက်

သို့

ချင်းတိုင်းရင်းသားအမျိုးသမီးများအားလုံး

အကြောင်းအရာ။  ။ Mothers' Feeling စာအုပ်ထုတ်ဝေရေးကိစ္စ၊

မြန်မာစစ်အစိုးရသည် မြန်မာ့ဒီမိုကရေစီအရေးအတွက် လှုပ်ရှားသော ပြည်သူများအား နည်းမျိုးစုံဖြင့် ဖိနှိပ်ညှင်းပန်းနှိပ်စက်ဖြိုခွင်းလျက်ရှိပါသည်။ စစ်အစိုးရ၏ ဘေးအန္တရာယ်ကိုတိမ်းရှောင်ယင်း မြန်မာနိုင်ငံသားများ အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာသို့ထွက်ပြေးတိမ်းရှောင်လျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ဂျပန်နိုင်ငံသို့ရောက်ရှိနေကြသော မြန်မာနိုင်ငံသားများထဲတွင် ချင်းတိုင်းရင်းသားများလည်းပါဝင်ပါသည်။ ချင်းတိုင်းရင်းသားများသည် ၁၉၈၉ ခုနှစ်မှ စတင်ရောက်ရှိလာကြကာ စာပေ၊ ယဉ်ကျေးမှု၊ လူမျိုးရေး၊ ဘာသာရေးနှင့် နိုင်ငံရေးလှုပ်ရှားသောအဖွဲ့အထိ အသီးသီးအဆင့်ဆင့်ဖြစ်ပေါ်လာခဲ့ကြပါသည်။

၁၉၉၂ နှင့် ၁၉၉၇ ခုနှစ်များတွင်လည်း အမျိုးသားရေးအတွက် လှုပ်ရှားသောအဖွဲ့အစည်းများကို ဖွဲ့စည်းခဲ့ကြပါသည်။ ထိုအဖွဲ့အစည်းအသီးသီး၏ လှုပ်ရှားမှုများတွင် ချင်းအမျိုးသမီးများလည်း အစဉ်တဆက်ပါဝင်လှုပ်ရှားခဲ့ကြပါသည်။

ဂျပန်နိုင်ငံရှိ ချင်းလူမျိုးအသိုင်းအဝိုင်း Japan Chin Communityတွင် ဘာသာရေးအဖွဲ့အစည်း၊ လူမှုရေးအဖွဲ့အစည်းအသီးသီးရှိပါသည်။ ထိုချင်းလူမှုအသိုင်းအဝိုင်းတွင် အမျိုးသားရေး၊ နိုင်ငံရေး၊ ဒီမိုကရေစီရေးအတွက် ချင်းအမျိုးသားများကိုယ်စား ရပ်တည်လှုပ်ရှားရန်အတွက် ချင်းတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်) Chin National Community-Japan (CNC-Japan) ကို ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ၁၈ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါသည်။ ချင်းအမျိုးသမီးများကိုယ်စား ရပ်တည်လှုပ်ရှားရန်အတွက် ချင်းတိုင်းရင်းသားအမျိုးသမီးများအဖွဲ့အစည်း(ဂျပန်)Chin Women Organization- Japan (CWO-Japan) ကိုလည်း ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပြီးဖြစ် ပါသည်။ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်နေ့တွင် CNC-Japan ၏ ဒုတိယအကြိမ်ညီလာခံကို ခေါ်ယူနိုင်ခဲ့ပြီး ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၁၂)ရက်နေ့တွင် CWO-Japan ၏ ပထမအကြိမ်ညီလာခံကိုလည်းခေါ်ယူနိုင်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါညီလာခံများမှ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မြန်မာနိုင်ငံဒုတိယအကြိမ်လွတ်လပ်ရေးကြိုးပမ်းမှု(ဒီမိုကရေစီရေးလှုပ်ရှားမှု)များတွင်လည်း မြန်မာနိုင်ငံသူအမျိုးသမီးများ၏ နိုင်ငံရေးလှုပ်ရှားမှု အခန်းကဏ္ဍများသည်လည်း အရေးပါမှတ်တမ်းတင်အပ်သောအကြောင်းအရာများဖြစ်ပါသည်။ သို့သော်လည်း တိုင်းရင်းသူအမျိုးသမီးများ၏ လှုပ်ရှားမှုများကိုမှတ်တမ်းတင်ထားသည်မှာ ရှားပါး၊ နည်းပါးလှပါသည်။ ထို့ကြောင့် CWO-Japan သည် တိုင်းရင်းသူအမျိုးသမီးများ၏ လှုပ်ရှားမှု မှတ်တမ်းများကို မှတ်တင်နိုင်ခြင်းမရှိသော်လည်း ဂျပန်ရောက် ချင်းအမျိုးသမီးများ၏ လှုပ်ရှားမှုမှတ်တမ်းကို စတင်၍မှတ်တမ်းတင်ရန် အစီအစဉ်ရှိပါသည်။ အထူးသဖြင့် သားသည်မိခင်များအပါအဝင် အမျိုးသမီးများ၏ လှုပ်ရှားမှုမှတ်တမ်းများကို ပြုစုရန်အတွက် လိုအပ်သော စာမူများ၊ မှတ်တမ်းဓါတ်ပုံများ၊ ကိုယ်တိုင်ခံစားမှုများကို ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။ စာမူများကို ၂၀၀၇ ခုနှစ် ဧပြီလ (၃၀)ရက်နေ့ နောက်ဆုံးထားပြီး CNC-Japan ရုံးခန်းသို့ ပေးပို့ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(Ma Lia Mang Cing Khai)
General Secretary
Chin Women Organization-Japan